FORTIFY RIGHTS

# မြန်မာနိုင်ငံတွင် အပြစ်ဒဏ်ခံရခြင်းမှ ကင်းလွတ်မှု ဖြစ်စဉ်များကို အဆုံးသတ်ခြင်း

မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်ရေးအစိုးရသည်
နိုင်ငံတကာ ရာဇဝတ်မှုတရားရုံး ထံသို့
တရားစီရင်ရေးအာဏာ
လွှဲပြောင်းပေးအပ်နိုင်မည်လား?

ဥပဒေရေးရာ ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်



august 2021

# မြန်မာနိုင်ငံတွင် အပြစ်ဒဏ်ခံရခြင်းမှ ကင်းလွတ်မှု ဖြစ်စဉ်များကို အဆုံးသတ်ခြင်း

## မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်ရေးအစိုးရသည် နိုင်ငံတကာ ရာဇဝတ်မှုတရားရုံး ထံသို့ တရားစီရင်ရေးအာဏာ လွှဲပြောင်းပေးအပ်နိုင်မည်လား?

ဥပဒေရေးရာ ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်

<မျက်နှာဖုံး ဓါတ်ပုံ>

၂၀၀၇ ခုနှစ်၊ မတ်လ ၂၇၊ နေပြည်တော်၊

တပ်မတော်နေ့တွင် လှည့်လည်နေသော မြန်မာ စစ်ရေးပြ တပ်ဖွဲ့များ။ နှစ်စဉ်ကျင်းပသော ယင်း စစ်ရေးပြလှည့်လည်ခြင်းသည် ၁၉၄၅ ခုနှစ်တွင် မြန်မာပြည်ကို ဂျပန်များ ၏သိမ်းသွင်းအုပ်ချုပ်မှုအား ပြန်လည်ခုခံခဲ့သည့်အကြောင်း ပြန်ပြောင်း အောက်မေ့၍ ကျင်းပခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ် တပ်မတော်နေ့တွင် စစ်တပ်သည် ဆန္ဒပြသူ အယောက် ၁၀၀ ကျော်တို့ကို အပြစ်ကင်းလွတ်စွာ သတ်ဖြတ်ခဲ့သည်။

မှုပိုင်ခွင့်-Nic Dunlop/Panos၊ မတ်လ ၂၀၀၇။

FORTIFY RIGHTS

Fortify Rights သည် အားလုံးအတွက် လူ့အခွင့်အရေးရရှိကြောင်း သေချာအောင် ဆောင်ရွက်သည့် အဖွဲ့ဖြစ်သည်။ ကျွန်ုပ်တို့သည် လူ့အခွင့် အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးပြီး၊ အဖြေများရှာရန် အခွင့် အာဏာ ရှိသူများနှင့် စေ့စပ်လုပ်ဆောင်ကာ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများ၊ သက်ရောက်ခံရသော လူထုများနှင့် အရပ်ဖက် လူထုတို့၏လုပ်ငန်းများ အားကောင်းအောင်ဆောင်ရွက်ပေးသည်။ မိမိတို့ အနေဖြင့် အထောက်အထားအခြေပြုသုတေသနများ၊ အမှန်တရားကို မဟာဗျူဟာကျကျ ဖွင့်ဟပြောဆိုခြင်း၏ စွမ်းအားနှင့် တစ်သီးပုဂ္ဂလများ၊ လူထုအသိုင်းအဝိုင်းများနှင့် ပြောင်းလဲမှုအတွက် တွန်းအားပေးနေသည့် ရွေ့လျားမှုများနှင့်နီးကပ်စွာပူးပေါင်းလုပ်ဆောင်ခြင်း စသည်တို့၏လွှမ်းမိုး နိုင်မှုအပေါ် ယုံကြည်ပါသည်။ ကျွန်ုပ်တို့သည် အမေရိကန် ပြည်ထောင်စု နှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် မှတ်ပုံတင်ထားသည့် လွတ်လပ်သော၊ အကျိုးအမြတ်အတွက် မဟုတ်သော အဖွဲ့အစည်းဖြစ်ပါသည်။

# မာတိကာ

အနှစ်ချုပ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 8
မြန်မာနိုင်ငံမြေပုံ . . . . . . . . . . . . . . . . . . . . . . . . . . . . .19
အကြံပြုချက်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . .20



နေပြည်တော်၊ တပ်မတော်နေ့အခမ်းအနားတွင် ထောင်နှင့်ချီသော တပ်ဖွဲ့များ ချီတက်ပြနေစဉ်။

မြန်မာနိုင်ငံသည် သန်းတစ်ဝက်နီးပါးရှိ စစ်သည်များရှိပြီး၊ အရှေ့တောင်အာရှဒေသအတွင်း အကြီးဆုံး စစ်တပ်များအနက် တစ်ခုကို ပိုင်ဆိုင်ထားသည်။

မှုပိုင်ခွင့်-Nic Dunlop/Panos၊ မတ်လ ၂၀၀၇။





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာ့စစ်တပ်သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ သမ္မတနှင့် အခြားပုဂ္ဂိုလ်များအား ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး စစ်ဘက်မှအာဏာသိမ်းမှု (Coup d’etat) ဖြင့် နိုင်ငံတော်အာဏာရယူခဲ့သည်။ ပုံမှာ ၂၀၀၇ ခုနှစ်၊ တပ်မတော်နေ့အခမ်းအနား နေပြည်တော် တွင် တပ်မတော် ဗိုလ်မှူးများကို ရိုက်ယူခဲ့သည့်ပုံဖြစ်ပြီး ဝဲမှ ယာသို့ - ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (၂၀၁၁ မှ ၂၀၁၆ အထိ သမ္မတ)၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဗိုလ်၊ ဒုတိယ ဗိုလ်ချုပ်ကြီး တင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးများ တင်အေး၊ စိုးသိမ်း (ရေ) နှင့် မြတ်ဟိန်း (လေ) - တို့ဖြစ်သည်။

မူပိုင်ခွင့်-Nic Dunlop/Panos၊ မတ်လ ၂၀၀၇။

# အနှစ်ချုပ်

မြန်မာ့ စစ်တပ်နှင့် ရဲတပ်ဖွဲ့တို့သည် - စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု များနှင့် လူမျိုးတုံးသတ်ဖြတ်မှုများ စသည့် - ရက်စက်ယုတ်မာသော အစုလိုက်အပြုံလိုက် ရာဇဝတ်မှုများ အတွက် တာဝန်ရှိသူများ ဖြစ်ပြီး၊ အမျိုးမျိုးသော မြန်မာ ပြည်သူလူထုတို့အား ဆန့်ကျင်၍ ဆယ်စုနှစ်ပေါင်းများစွာ နေရာယူထားသူများ ဖြစ်သည်။ ယင်းရာဇဝတ်မှုများကို ကြိုးကိုင်ဖန်တီးပြီး ကျူးလွန်နေသူများမှာ လက်ရှိအချိန်အထိ အပြစ်ဒဏ် ကင်းလွတ်မှု အပြည့်အဝ ရရှိနေကြသည်။ ရက်စက်ယုတ်မာသော ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေး ရန်နှင့် တရားစွဲဆိုရန် တရားစီရင်ပိုင်ခွင့်ကို နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး (ICC) သို့ လွှဲပြောင်းခြင်းအားဖြင့် မကြာသေးခင်က ဖွဲ့စည်းတည်ထောင်လိုက်သော အမျိုးသား ညီညွတ်ရေး အစိုးရ (National Unity Government of Myanmar – NUG) အနေဖြင့် အပြစ်ကင်းလွတ်မှု ဖြစ်စဉ်ကို ပြန်ပြောင်း ပြောင်းလဲရန် အခွင့်အလမ်းရှိပြီး မြန်မာနိုင်ငံအတွင်း အနာဂတ်တွင် ဖြစ်လာနိုင်သော ရက်စက်ယုတ်မာသော ရာဇဝတ်မှုများကို တားဆီး ကာကွယ် နိုင်ချေရှိသည်။

ဤအစီရင်ခံစာအရ မြန်မာနိုင်ငံအတွင်း ကျူးလွန်နေသော ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှု ရာဇဝတ်မှုများ အား ကိုင်တွယ်ဖြေရှင်းရန် တရားစီရင်ပိုင်ခွင့်ကို NUG သည် ICC သို့ အပ်နှင်း နိုင်ကြောင်း တွေ့ရှိရသည်။ NUG သည် ၎င်းကို နည်းလမ်း ၂ သွယ်ဖြင့် ဆောင်ရွက်နိုင်သည် - ပထမနည်းမှာ တရားရုံး၏ ပုဒ်မ ၁၂ (၃) ဟု လူသိ များသော ပုဒ်မအောက် ကြေညာချက် တင်သွင်းခြင်းနှင့် ဒုတိယနည်းမှာ ရောမ ဥပဒေစာချုပ် (Rome Statue) ကို တရားဝင် လက်မှတ် ရေးထိုး အတည်ပြုခြင်း ဖြစ်သည်။



ကချင်ပြည်နယ်ရှိ ရယ်ဂေါ်ပါ ဒုက္ခသည်စခန်းတစ်ခု၌ ပြည်သူများသည် ဆက်လက် ဖြစ်ပွားနေသော စစ်ပွဲကြောင့် ထွက်ပြေး တိမ်းရှောင်ခဲ့ရပြီး ဒေသခံကူညီရေးလုပ်သားများထံမှ စောင်များနှင့် အထောက်အပံ့ပစ္စည်းများ ရရှိရန် စောင့်ဆိုင်းနေစဉ်။ ဇွန်လ ၂၀၁၁ ခုနှစ်ကတည်းက ကချင်ပြည်နယ်ရှိ စစ်ပွဲများသည် ၁ သိန်းခန့်ရှိသော ကချင် တိုင်းရင်းသားပြည်သူများကို အိုးအိမ်စွန့်ခွာ၊ အိုးမဲ့အိမ်မဲ့ ဖြစ်စေခဲ့သည်။ မြန်မာစစ်တပ်သည် ဆယ်စုနှစ်များစွာ ကြာမြင့်သည့်စစ်ပွဲများအတွင်း ကချင်လူမျိုးများအား အစုလိုက်အပြုံလိုက် ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှုများအတွက် တာဝန်ရှိသည်။

မူပိုင်ခွင့်-Nic Dunlop/Panos၊ ဇန်နဝါရီ၊ ၂၀၁၂ ခုနှစ်

NUG မှ ရောမ ဥပဒေစာချုပ်၏ ပုဒ်မ ၁၂ (၃) အောက် ကြေညာချက် ထုတ်ပြန် တင်သွင်းခြင်းသည် ယခင် ရာဇဝတ်မှုဟောင်းများ အပါအဝင် ရက်စက်ယုတ်မာမှု ရာဇဝတ်မှုများ အပေါ်  ICC တရားရုံးမှ လက်ငင်း တရားစီရင်ခွင့်ကို ရရှိသွားစေမည်ဖြစ်သည်။ NUG အနေဖြင့် ရောမ ဥပဒေ အသက်ဝင်လာသည့် ကာလဖြစ်သည့် ၂၀၀၂ ခုနှစ်ကတည်းက ပေါ်ပေါက်ခဲ့သော မည်သည့် ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှု (atrocity) ရာဇဝတ်မှုမျိုးမဆို နှင့် အနာဂတ် ရာဇဝတ်မှုများအတွက်ပါ တရားစီရင်ခွင့်ကို ICC သို့ လွှဲပြောင်းရန် Fortify Rights မှ အကြံပြုပါသည်။

ထို့အပြင် ရောမ ဥပဒေစာချုပ်အား လက်မှတ်ရေးထိုးခြင်းသည် မြန်မာနိုင်ငံအား စာချုပ်ဝင်နိုင်ငံတစ်ခု၏ အခွင့်အရေးများအားလုံးကို ရရှိစေမည်ဖြစ်ပြီး အနာဂတ်တွင် ဖြစ်လာနိုင်သော ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှု ရာဇဝတ်မှုများအပေါ် ICC ၏ တရားစီရင်ခွင့်ကိုလည်း ပေးအပ်စေနိုင်မည်ဖြစ်သည်။

ရောမဥပဒေသည် ၂၀၀၂ ခုနှစ်တွင် စတင် အသက်ဝင်လာခဲ့သော နိုင်ငံအများ အဘက်ဘက်ဆိုင်ရာ သဘောတူညီမှုစာချုပ် (multilateral treaty) ဖြစ်ပြီး ICC ကိုတည်ထောင်ရန် ဥပဒေရေးရာမူဘောင်ကို ချမှတ်ပေးခဲ့သည်။ နယ်သာလန်နိုင်ငံ၊ သဟေ့ဂ်မြို့တွင် တည်ရှိသည့် ICC တရားရုံးသည် အစုလိုက်အပြုံလိုက် ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှု ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန် ဖြစ်ပြီး "နောက်ဆုံးအဆင့် ဆုံးဖြတ်ချက်ချ ဖြေရှင်းမည့် တရားရုံး" အဖြစ် အခွင့်အာဏာရှိသည်။ နိုင်ငံ ၁၂၃ နိုင်ငံတို့သည် ICC ၏ ရောမစာချုပ်အဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး၊ ဆိုလိုသည်မှာ ၎င်းနိုင်ငံများသည် ရောမစာချုပ်ကို လက်မှတ်ရေးထိုးထား သို့မဟုတ် လက်ခံသဘောတူ အတည်ပြုထားသည့် နိုင်ငံများဖြစ်သည်။

စာချုပ်အား အတည်ပြုလက်မှတ်ရေးထိုးခြင်း သို့မဟုတ် သဘောတူခြင်းအားဖြင့် နိုင်ငံများသည် ၎င်းတို့၏ နိုင်ငံနယ်နိမိတ်အတွင်း ကျူးလွန်သည့် သို့မဟုတ် ၎င်းတို့၏ နိုင်ငံသားများမှ ကျူးလွန်သည့် ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှုများအတွက် တာဝန်ရှိသူများအား တရားစွဲဆိုရန် ၎င်းနိုင်ငံတို့၏ တရားစီရင်ခွင့်ကို ICC ထံသို့ ကိုယ်စား အပ်နှင်းနိုင်သည်။ အိမ်ရှင်နိုင်ငံသည် ယင်းသို့သော ရာဇဝတ်မှုများအား လုံလောက်စွာ မဖြေရှင်းနိုင်လျှင် သို့မဟုတ် မဖြေရှင်းလိုလျှင် တရားရုံး၏ တရားစီရင်ပိုင်ခွင့်အား











◀ ဆယ်စုနှစ်များစွာ မြန်မာ စစ်တပ်နှင့် ရဲတပ်ဖွဲ့တို့ သည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ များ နှင့် အခြားသူများကို မတရားအဓမ္မ ဖမ်းဆီး ထိန်းသိမ်းခဲ့ပြီး အထိန်း သိမ်းခံများသည် ညှဥ်းပန်း နှိပ်စက်ခံကြရလေ့ ရှိသည်။ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ရှိ ယခင် နိုင်ငံရေး အကျဉ်းသား ဟောင်းတစ်ဦးမှ မြန်မာ နိုင်ငံရှိ အကျဉ်းသားများ အား စစ်ဆေးမေးမြန်းစဉ် အပါအဝင် နေခိုင်း သည့် "ပုံစံ" များကို သရုပ် ပြသနေပုံ။

မူပိုင်ခွင့် - Nic Dunlop/ Panos၊ ၂၀၀၅ ခုနှစ်။

ဆီလျော်စွာ အသုံးပြုနိုင်သည်။ နိုင်ငံများအနေဖြင့် ၎င်းတို့၏ တရားစီရင်မှုကို ၂၀၀၂ ခုနှစ် ဇူလိုင် ၁ ရက် နေ့အထိ ဖြစ်ပေါ်ခဲ့သော အကြောင်းခြင်းရာများအတွက် နောက်ကြောင်းပြန် အပ်နှင်းနိုင်သော်လည်း ယင်းကာလထက် စော၍ နောက်ကြောင်းပြန် တရားစွဲခြင်း မပြုနိုင်ပေ။ တရားရုံးအား တရားစီရင်ပိုင်ခွင့်ကိုယ်စား မအပ်နှင်းသည့် နိုင်ငံများအတွက်မူ ICC သည် ကမ္ဘာ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ICC ၏ တရားစွဲ အရာရှိအား ရည်ညွှန်း အပ်နှင်းလာသည့် ရက်စက် ယုတ်မာစွာ သတ်ဖြတ်မှု ရာဇဝတ်မှုများကိုသာ စဉ်းစား လုပ်ဆောင်နိုင်သည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာ သိမ်းပြီးနောင်းပိုင်း မြန်မာ့ရွေးကောက်ခံ လွှတ်တော် ကိုယ်စား လှယ်များဖြင့် ဖွဲ့စည်းလိုက်သော ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြု ကော်မတီ (CRPH) သည် ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) ကို ဖွဲ့စည်းလိုက်သည်။ မြန်မာ ပြည်သူလူထုများသည် NUG အား ၎င်းတို့၏ တရားဝင်၊ ရွေးကောက်ခံ ဖြစ်သော အစိုးရအဖြစ် သောင်းသောင်း ဖြဖြ ကြိုဆို အသိအမှတ်ပြုခဲ့ပြီး၊ နိုင်ငံတကာမှ အချို့သော အစိုးရပိုင်းနှင့် အစိုးရပိုင်းမဟုတ်သူများကလည်း အလားတူ အသိအမှတ်ပြုခဲ့ကြသည်။ သို့ဖြစ်ရာ NUG သည် မြန်မာနိုင်ငံအား နိုင်ငံတကာ ဥပဒေအောက် တွင်စည်းနှောင်မှုရှိသောစာချုပ်များတွင် စာချုပ်ဝင်နိုင်ငံအဖြစ်ဝင်ရောက်ရန်အခွင့်အာဏာ ကျင့်သုံးလုပ်ဆောင် နိုင်သည်။


မြန်မာစစ်တပ်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ရွေးကောက်ခံ အစိုးရကို အာဏာ သိမ်းကာ ဖြုတ်ချခဲ့ပြီး အကြီးတန်းခေါင်းဆောင်များနှင့် အခြားပုဂ္ဂိုလ်များအား ဖမ်းဆီး ထိန်းသိမ်းခဲ့သည်။ မြန်မာပြည်သူလူထုတို့သည် နိုင်ငံတစ်ဝှမ်းတွင် လမ်းမပေါ်ထွက်ပြီး စီတန်းဆန္ဒပြ ခြင်းများနှင့်၊ အစိုးရဝန်ထမ်း အမြောက်အများတို့မှ အလုပ်မသွားရန် ရွေးချယ်ခဲ့ကြသည့် ပြည်သူ့ ဝန်ထမ်းများ အာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM) စသည်တို့ အပါအဝင် အာဏာသိမ်းစစ်တပ်အား အမျိုးမျိုးသော အကြမ်းမဖက် နည်းလမ်းများဖြင့် ဆန္ဒပြမှုများပြုလုပ်ခဲ့ကြသည်။ CDM သည် စစ်အာဏာရှင်၏ နေ့စဉ်လုပ်ငန်းများ ရပ်တန့်သွားစေသည်အထိ ထိရောက်မှုရှိခဲ့သည်။

မြန်မာစစ်တပ်နှင့်ရဲများသည် နိုင်ငံတစ်ဝှမ်းရှိ မြို့နယ်များနှင့် မြို့ကြီးများတွင် ငြိမ်းချမ်းစွာ ဆန္ဒပြသူများ နှင့် ဆန့်ကျင်သူများအား အသက်သေစေနိုင်သည့် အင်အားများဖြင့် ပြည်သူများအား သတ်ဖြတ်ခြင်းနှင့် ဖမ်းဆီးခြင်းများဖြင့် တုံ့ပြန်ခဲ့သည်။ အာဏာသိမ်းစစ်တပ်နှင့် ၎င်း၏တပ်ဖွဲ့ဝင်များသည် အဓမ္မ စေခိုင်းခြင်း၊ ဝင်ရောက်စီးနင်းခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများအားဖျက်ဆီးခြင်းအားဖြင့် ပြည်သူလူထုကို အကြမ်းဖက်ခဲ့သည်။ မြန်မာစစ်တပ်နှင့် ရဲတပ်ဖွဲ့များသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့နှင့် ဧပြီလ ၁၅ ရက်နေ့အကြား၌ပင် လူပေါင်း ၃၀၀၀ ကျော်တို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး၊ ဤအစီရင်ခံစာ ရေးသားနေချိန်တွင် အမျိုးသား၊ အမျိုး သမီးနှင့် ကလေးငယ် ၃၀၀ ကျော်တို့ကို သတ်ဖြတ်ခဲ့ပြီးဖြစ်သည်။



မြန်မာ့အာဏာပိုင်များသည် အရေအတွက်မသိသော နိုင်ငံရေးအကျဉ်းသားများ အား အလုပ်ကြမ်းများ ခိုင်းစေခဲ့သည်။ ပုံမှာ မြန် မာ၊ ရှမ်းပြည်ရှိ တုံးလဲလုံး၌ သံကွင်းချည်ခံထားရသည့် အကျဉ်းသားများ အလုပ် ကြမ်း လုပ်နေရပုံဖြစ်သည်။

မူပိုင်ခွင့် – Nic Dunlop/ Panos၊ ဇွန်လ ၂၀၀၅ ခုနှစ်။



ပအိုးဝ် တိုင်းရင်းသား အမျိုးသမီး လယ်သမားတစ်ဦး အား ၂၀၀၅ ခုနှစ်၊ ရှမ်းပြည်ရှိ ဈေးတစ်ခုတွင် တွေ့ရစဉ်။ မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးစုများ

ကွဲပြားစွာ တည်ရှိနေမှု အများဆုံး နိုင်ငံများထဲမှ တစ်နိုင်ငံ ဖြစ်သော်လည်း စစ်အုပ်ချုပ်မှုစနစ်နှင့် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှု များစွာ တို့ကို ရှင်သန်နေထိုင်ခဲ့ကြရပါသည်။

မှုပိုင်ခွင့် – Nic Dunlop/Panos၊ ၂၀၀၅ ခုနှစ်။



၂၀၀၅ ခုနှစ်၊ မြန်မာနိုင်ငံ၊ ကရင်ပြည်နယ်၊ ထိုင်း–မြန်မာနယ်စပ်ရှိ မဲလဒုက္ခသည်စခန်းတွင် ကရင် တိုင်းရင်းသား အမျိုးသမီးတစ်ဦးအား တွေ့ရစဉ်။ ကရင်ပြည်နယ်သည် ကမ္ဘာပေါ်တွင် သက်တမ်း အကြာရှည်ဆုံးသော ပြည်တွင်းစစ်ကြီးဖြစ်ရာ နေရာဖြစ်သည်။ မြန်မာစစ်တပ်သည် ထောင်ပေါင်းများစွာသော ကရင်ကျေးရွာများအား စီးနင်းမြေလှန်ခဲ့ပြီး အမျိုးသမီးများ၊ အမျိုးသားများနှင့် ကလေးသူငယ်များအပေါ် ရက်စက်ယုတ်မာစွာသတ်ဖြတ်မှုများကို အပြစ်ဒဏ်ခံရခြင်းကင်းလွတ်စွာ ကျူးလွန်ခဲ့သည်။ ဤအစီရင်ခံစာကိုရေးသားစဉ် ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာဝင်များအပါအဝင် ထောင်ပေါင်းများစွာသော ကရင် ဒုက္ခသည်များသည် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် နေထိုင် နေကြရဆဲဖြစ်သည်။

မှုပိုင်ခွင့် – Nic Dunlop/Panos၊ ၂၀၀၅ ခုနှစ်။




၂၀၀၇ ခုနှစ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာ အမျိုးသမီး ဒုက္ခသည်တစ်ဦးအား တွေ့ရစဉ်။ မြန်မာ့စစ်တပ်သည် မူဆလင်ဘာသာဝင်အများစုဖြစ်သည့် ရိုဟင်ဂျာ လူမျိုးများအား ယခင်ကာလရှည်များကတည်းက ညှဥ်းပန်းခဲ့ပြီး၊ ၎င်းတို့၏ဖြစ်တည်မှုကို လည်း လက်မခံပဲ ငြင်းပယ်ထားခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် အရာရှိပေါင်း ၁၂ ယောက်တို့ကို သတ်ဖြတ် ခဲ့သည်ဟု သတင်းရရှိထားသော ရိုဟင်ဂျာတပ်ဖွဲ့ဦးဆောင်သည့် တိုက်ခိုက်မှုအား တုံ့ပြန်သည့်အနေဖြင့် မြန်မာ့တပ်မတော်သည် ရိုဟင်ဂျာလူမျိုးများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်၊ ညှဥ်းပန်း၊ မုဒိန်းကျင့်ကာ ဖမ်းဆီး အကျဉ်းချခဲ့ပြီး ရိုဟင်ဂျာပေါင်း ၇၀၀,၀၀၀ ကျော်တို့ကို ဘင်္ဂလားဒေ့ရှ် နယ်စပ်ဖက်သို့ ထွက်ပြေးသွားစေခဲ့သည်။ စစ်တပ်သည် ရိုဟင်ဂျာလူမျိုးများအပေါ် လူမျိုးတုံးသတ်ဖြတ်မှု ရာဇဝတ်မှုကျူးလွန်ခြင်းအတွက် တာဝန်ရှိသည်ဟု Fortify Rights ၊ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေး မစ်ရှင်အဖွဲ့နှင့် အခြားသူများတို့မှ တွေ့ရှိခဲ့သည်။

မှုပိုင်ခွင့် – Nic Dunlop/Panos၊ ၂၀၀၇ ခုနှစ်။>



၂၀၀၆ ခုနှစ်၊ မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ သက်-တိုင်းရင်းသားလူမျိုး အမျိုးသမီး တစ်ဦးအား တွေ့ရစဉ်။ အာရကန် ခေါ် ရခိုင်ပြည်နယ်သည် - ပြည်နယ်အတွင်း အများဆုံးသော တိုင်းရင်းသားလူမျိုးအုပ်စုဖြစ်သည့်၊ ဗုဒ္ဓဘာသာဂင်အများစု ဖြစ်သည့် ရခိုင်လူမျိုးများ အပေါ်တွင်လည်းကောင်း၊ ရိုဟင်ဂျာ မူဆလင် လူမျိုးများ၊ ကမန် မူဆလင် လူမျိုးများနှင့် မျိုးနွယ်စု အုပ်စုငယ် များဖြစ်သည့် 'ဒိုင်းနက်' နှင့် ဗုဒ္ဓဘာသာဝင်အများစုဖြစ်သည့် 'သက်' စသည့် လူမျိုးများ အပေါ်တွင် လည်းကောင်း စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများဖြစ်ပွားရာ နေရာဖြစ်သည်။

မှုပိုင်ခွင့် – Nic Dunlop/Panos၊ ၂၀၀၆ ခုနှစ်။>



၂၀၀၆ ခုနှစ်၊ ရန်ကုန်မြို့ရှိ နာမည်ကျော် အင်းစိန်ထောင်။ ယင်းထောင်၏ ဂိတ်များမှ ထောင်ပေါင်း များစွာသော နိုင်ငံရေးအကျဉ်းသားများ ဖြတ်လျှောက်သွားခဲ့ရသည်။ ယင်းထောင်သည် ကြမ်းတမ်း ခက်ခဲသော အနေအထားများနှင့် ထောင်တွင်း ပုံမှန်သုံးလေ့ရှိသော ညှဉ်းပန်းမှုနှင့် နှိပ်စက်မှုများ ကြောင့် လူသိများသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ကတည်းကစ၍ အာဏာသိမ်း စစ်တပ်သည် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင်၊ သြစတြေးလျ စီးပွားရေးပညာရှင် ရှောန်တန်းနဲလ်၊ အမေရိကန် သတင်းသမား ဒန်နီဖန်စတာ အပြင် ထောင်ပေါင်း များစွာသော လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ သတင်းသမားများ၊ ဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာ အကူများ၊ အနုပညာရှင်များ၊ စာရေးဆရာများနှင့် ဖျော်ဖြေရေးသမားများ စသည်တို့ အပါအဝင် နိုင်ငံရေးအကျဉ်းသားထောင်ချီတို့ကို ဖမ်းဆီးအကျဉ်းချထားပြီးဖြစ်သည်။

မှုပိုင်ခွင့် – Nic Dunlop/Panos၊ ၂၀၀၆ ခုနှစ်။

ယနေ့ နိုင်ငံတစ်ဝှမ်းဖြစ်ပေါ်နေသော ရက်စက်ယုတ်မာသော သတ်ဖြတ်မှုများဖြင့် အလားတူရာဇဝတ်မှုများကိုမြန်မာ့စစ်တပ်သည်လွန်ခဲ့သောဆယ်စုနှစ်များကပင်ကျူးလွန်ခဲ့ပြီး ဖြစ်သည်။ စစ်တပ်၏ ယခင်က ကျူးလွန်ခဲ့သော ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှုရာဇဝတ်မှုများသည် အဓိက အားဖြင့် တိုင်းရင်းသားပြည်နယ်များအပေါ် ပစ်မှတ်ထားခဲ့ခြင်းဖြစ်ပြီး သန်းပေါင်းများစွာသော လူထု တို့အပေါ် တိုက်ရိုက် ထိခိုက်သက်ရောက်မှု ရှိခဲ့သည်။ မကြာသေးသောဆယ်စုနှစ်များအတွင်း စစ်တပ်သည် သန်းနှင့်ချီသော တိုင်းရင်းသား လူမျိုးပြည်သူများကို (အထူးသဖြင့် မြန်မာနိုင်ငံ နယ်စပ် ဒေသများဆီသို့) အဓမ္မ အိုးအိမ်စွန့်ခွာရွှေ့ပြောင်းစေခဲ့သည်။ စစ်တပ်သည် နိုင်ငံတစ်ဝှမ်းရှိ တိုင်းရင်းသားကျေးရွာ ထောင်ပေါင်းများစွာတို့ကို မြေလှန်ခဲ့ပြီး စနစ်တကျ မှတ်တမ်းတင်ထားသည့် များပြားလှသော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများအပါအဝင်မပြောပြနိုင်လောက်အောင်များပြားသောအမျိုးသား၊ အမျိုးသမီးနှင့်ကလေးသူငယ်များအား သတ်ဖြတ်မှုများကိုပါကျူးလွန်ခဲ့သည်။ စစ်တပ်သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အပြင် အမျိုးသားများနှင့် ယောကျ်ားလေးငယ်များတို့အပေါ် ကျယ်ကျယ်ပြန့်ပြန့်၊ စနစ်တကျ မုဒိမ်းမှု နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကျူးလွန်ခဲ့သည်။ စစ်တပ်သည် ထိုအရာများအပြင် လူမျိုးတုံး သတ်ဖြတ်မှုများ အပါအဝင် အခြားသော ရက်စက်ယုတ်မာသော သတ်ဖြတ်မှုများကိုပါ အပြစ်ဒဏ်ခံရခြင်း ကင်းလွတ်စွာဖြင့် ကျူးလွန်ခဲ့သည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုမတိုင်မီကတည်းကပင် Fortify Rights သည် ရိုဟင်ဂျာလူမျိုးများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုအပြင်၊ ကချင်နှင့် ရှမ်း လူမျိုးများအပါအဝင် တိုင်းရင်းသားပြည်သူများ အပေါ်ကျူးလွန်သည့် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၏ သက်သေ အထောက်အထားများအား မှတ်တမ်းတင်ခဲ့သည်။ စစ်တပ်သည် ဖေဖော်ဝါရီ၁ရက်နေ့ကတည်းက တိုင်းရင်းသားဒေသများ၊ အထူးသဖြင့် ကရင်ပြည်နယ် နှင့် ကရင်နီ (ကယား) ပြည်နယ် တို့တွင် ထိုးစစ်များ စဆင်ခဲ့ပြီး ပြည်သူများနေထိုင်သည့်နေရာများအပေါ် လက်နက်ကြီးများ ကြဲကာ၊ လေကြောင်းဖြင့် တိုက်ခိုက်ခဲ့ပြီး ပြည်သူများအား သေဆုံးစေ၊ ဒဏ်ရာရစေခဲ့ကာ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ဇွန်လအတွင်း ခန့်မှန်းခြေဦးရေ ၁၇၇,၅၀၀ ကျော် ပြည်သူများအား အိုးအိမ်စွန့်ခွာရစေခဲ့သည်။

ICC အား လက်ငင်း တရားစီရင်ခွင့် အပ်နှင်းရန် ရောမစာချုပ်၏ ပုဒ်မ ၁၂ (၃) အောက် ကြေညာချက်ထုတ်ပြန်တင်သွင်းခြင်းနှင့် ၎င်းနောက် ရောမစာချုပ်အား အပြည့်အဝ လက်ခံခြင်းသည် မြန်မာနိုင်ငံ အနေဖြင့် နိုင်ငံတကာ အသိအမှတ်ပြုသော တာဝန်ယူမှု၊ တာဝန်ခံမှု ယန္တရား များအား လိုက်နာ လုပ်ဆောင်လိုသည်ဟု မြန်မာပြည်သူလူထုနှင့် နိုင်ငံတာအသိုင်းအဝိုင်းအား NUG မှ ပြသရန် ထိရောက်သည့် နည်းလမ်းဖြစ်သည်။ ယင်း အရေးယူ ဆောင်ရွက်ချက်များသည်ပင် လက်ရှိတွင် ဆက်လက် ဖြစ်ပေါ်နေသော ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှုများ အားလုံးအား အဆုံးသတ်ရန်နှင့် ကုစားရန် လုပ်ဆောင်နိုင်မည်မဟုတ်သော်လည်း ၎င်းတို့သည် အပြစ်ဒဏ် ခံရခြင်းမှ ကင်းလွတ်နေသည့် ကျူးလွန်မှု သံသရာစက်ဝန်းအားဖြတ်တောက်ပစ်ရန် မြန်မာနိုင်ငံကို ခြေတစ်လှမ်း ပိုမိုနီးလာစေနိုင်မည် ဖြစ်သည်။ ရောမစာချုပ်အား လက်ခံ သဘောတူညီလိုက်ခြင်းသည် နောင်ဖြစ်လာနိုင်သည့် ပြစ်မှုများအတွက် ကြိုတင်ကာကွယ်ရာရောက်မည်ဟု Fortify Rights က ယုံကြည်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် စစ်တပ်ခေါင်းဆောင်များအနေဖြင့် ၎င်းတို့၏ ကျူးလွန်မှုများနှင့် ပက်သက်သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဘက်မလိုက်သော နိုင်ငံတကာ တရားရုံးတွင် တရားစွဲဆို ခံရနိုင်ချေကို တွက်ဆပြီး စဉ်းစားသုံးသပ်စေမည်ဖြစ်သည်။

ဤအစီရင်ခံစာ၏ အခန်း ၁ သည် နိုင်ငံတကာဥပဒေအောက်တွင် NUG ၏ အနေအထားကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ပြထားခြင်းဖြစ်သည်။ စည်းနှောင်မှုရှိသော နိုင်ငံတကာ စာချုပ်များနှင့် စေ့စပ် လုပ်ဆောင်ရန်နှင့် ယင်းစာချုပ်များအောက် ဝင်ရောက်ရန် NUG သည် အချုပ်အခြာ အာဏာရှိ အစိုးရ၏ ခွင့်ပြုချက်ရ တရားဝင်ကိုယ်စားလှယ်ဖြစ်ရမည်ဖြစ်သည်။ နိုင်ငံတော် နယ်နိမိတ် သို့မဟုတ် လူထုများအပေါ် ထိရောက်သည့် အခွင့်အာဏာ မကျင့်သုံးရသည့် အခြေအနေများ - စစ်တပ်အာဏာသိမ်းခြင်း စသည့်အခြေအနေ - ၌တွင်ပင် အထင်ကရ နိုင်ငံတကာ အသိအမှတ် ပြုမှု ရှိသည့် အစိုးရများသည် နိုင်ငံတော်အား



၂၀၀၆ ခုနှစ် အောက်တိုဘာလတွင် ကရင်နီ တိုင်းရင်းသားစစ်သားများ မြန်မာစစ်တပ်နှင့် စစ်ဖြစ်စဉ် တောတွင်းမှ ရွှေ့လျားသွားလာနေပုံ။ တိုင်းရင်းသား အခွင့်အရေးများနှင့် ဖယ်ဒရယ်ဒီမိုကရေစီ အတွက် ကရင်နီ အမျိုးသားတိုးတက်ရေး ပါတီသည် မြန်မာစစ်တပ်နှင့် ဆယ်စုနှစ်များစွာ တိုက်ပွဲ ဝင်နေခဲ့ပြီးဖြစ်သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီးနောက်ပိုင်းတွင် မြန်မာစစ်တပ်မှ ဦးဆောင်သော တိုက်ခိုက်မှုများကြောင့် ကရင်နီပြည်နယ်ရှိ ထောင်သောင်းများစွာသော ပြည်သူများ အိုးအိမ်စွန့်ခွာခဲ့ကြရသည်။

မူပိုင်ခွင့် – Nic Dunlop/Panos၊ ၂၀၀၆ ခုနှစ်။

ကိုယ်စားပြုပြီး နိုင်ငံတော်ကိုယ်စား ဆောင်ရွက်နိုင်ကြောင်း လွန်ခဲ့သော သမိုင်းကြောင်း လုပ်ဆောင်မှု အလေ့အထများက ဆိုသည်။ NUG အား ဒီမိုကရေစီ နည်းလမ်းတကျ ရွေးကောက် တင်မြှောက်ခံထားသည့် မြန်မာနိုင်ငံ၏ အစိုးရအဖြစ် မြန်မာ ပြည်သူလူထုမှ ကြီးမားကျယ်ပြန့်စွာ အသိအမှတ်ပြု ထောက်ခံသည်ဖြစ်ပြီး၊ နိုင်ငံတကာ အသိုင်းအဝိုင်း များမှလည်း အထင်ကရ ထောက်ခံ ဝန်းရံမှုများ ရှိသည်ဖြစ်ရာ NUG သည် နိုင်ငံတကာ သဘောတူ စာချုပ်များအား စေ့စပ်လုပ်ဆောင်နိုင်ပြီး စာချုပ်ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခြင်း အပါအဝင် မြန်မာနိုင်ငံအား ကိုယ်စားပြုခွင့်နှင့် နိုင်ငံတော် ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း တွေ့ရသည်ဟု အစီရင်ခံစာ၏ အခန်း ၁ တွင်ဖော်ပြထားသည်။

အစီရင်ခံစာ၏ အခန်း ၂ တွင်မူ NUG အနေဖြင့် တရားစီရင်ပိုင်ခွင့်အား ICC သို့ လွှဲပြောင်း အပ်နှင်းနိုင်သည့် နည်းလမ်းများထဲမှ ရွေးချယ်စရာနည်းလမ်း ၂ သွယ် ဖြစ်သည့် ရောမ စာချုပ်၏ ပုဒ်မ ၁၂ (၃) အောက် ကြေညာချက် ထုတ်ပြန်တင်သွင်းခြင်းနှင့် စာချုပ်အား လက်ခံသဘောတူခြင်း တို့ကို ဖော်ပြထားသည်။ နည်းလမ်း ၂ မျိုးစလုံးသည် လိုအပ်သော အခြေနေရပ်များ ပြည့်မီပါက လုံခြုံရေးတပ်ဖွဲ့များမှ ကျူးလွန်ခဲ့သော အစုလိုက်အပြုံလိုက် ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှု များကို တရားရုံးမှ အမှုစွဲဆိုစေနိုင်မည်ဖြစ်သည်။ သို့သော်လည်း စာချုပ်အား လက်ခံ သဘောတူခြင်းသည် ပြန်လည်ရုပ်သိမ်းရန် ခက်ခဲမည့် တရားစီရင်ပိုင်ခွင့်အား တရားရုံးထံ ပေးအပ်လိုက်မည် ဖြစ်ပြီး အနာဂတ်တွင် ဖြစ်လာနိုင်သော ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှု ရာဇဝတ်မှုများအား ကိုင်တွယ်ဖြေရှင်းရန်နှင့် ကြိုတင်ကာကွယ်ရန် တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းစေမည် ဖြစ်သည်။

၂၀၀၆ ခုနှစ်၊ မြန်မာနိုင်ငံ၏အရှေ့ဘက်နယ်စပ် အနီး၊ ထိုင်းနိုင်ငံရှိ မဲတောင်ဆေးခန်းတွင် ခြေထောက် ပြတ်သွားသူ တစ်ဦးမှ ခြေထောက် အတု အတပ်ဆင်ခံနေစဉ်။ မြန်မာနိုင်ငံသည် မြေမြှုပ်မိုင်း အများဆုံး နိုင်ငံများအနက် တစ်ခု ဖြစ်ပြီး၊ များစွာသော လက်နက်ကိုင် ပဋိပက္ခများ တွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့များအားလုံး ၎င်းတို့ကိုအသုံးပြုသည်။ မြန်မာစစ်တပ်သည် ပြည်သူများအား ပစ်မှတ်ထားရန်နှင့် ပြည်သူများ ၎င်းတို့နေထိုင်ရာ ရွာများသို့ ပြန်မလာရန် မြေမြှုပ် မိုင်းများကို အသုံးပြုခဲ့သည်။ စစ်တပ်သည် လူထု ကိုလည်း လူသားမိုင်းရှင်းလင်းရေးသဖွယ် အသုံးပြုပြီး ၎င်းလုပ်ရပ် သည် စစ်ရာဇဝတ်မှု မြောက်သည်

မူပိုင်ခွင့် – Nic Dunlop/Panos၊ ၂၀၀၆ ခုနှစ်။





နိုင်ငံ၏ အနောက်ဘက်နယ်စပ်၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ဂျမား ဗလီ တွင် ရိုဟင်ဂျာ မူဆလင် အမျိုးသားများ ဝတ်ပြုဆုတောင်းနေပုံ ဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် ဗုဒ္ဓဘာသာများနှင့် မူဆလင်များ အကြား ဖြစ်ပေါ်ခဲ့သည့် အဓိကရုဏ်းများသည် အစိုးရမှ မျက်ကွယ်ပြုထားသော နိုင်ငံတစ်ဝှမ်း ရိုဟင်ဂျာဆန့်ကျင်ရေး တိုက်ခိုက်မှုများအနေသို့ ဦးတည်လာခဲ့သည်။ ထို အကြောင်းခြင်းရာများ ကြောင့် မြန်မာအာဏာပိုင်များက ပုံပါ ဗလီကို ပိတ်ပစ်ခဲ့သည်။ စစ်တပ်၊ ရဲနှင့် အစွန်းရောက်သူများ သည် ရိုဟင်ဂျာရွာများ အား မြေလှန်ဖျက်ဆီးခဲ့ပြီး၊ ရွာခံများအား အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ ကာ နောက်ဆုံးတွင် အခြေအနေ ဆိုးရွား ညစ်ညမ်းသော အကျဉ်းစခန်းများ သို့ အဓမ္မ ရွှေ့ပြောင်း စေခဲ့သည်။ ဤအစီရင်ခံစာ ရေးသားစဉ်တွင် စစ်တပ် သည် မြို့နယ် ၅ မြို့နယ် ရှိ အကျဉ်းစခန်းပေါင်း ၂၀ ကျော်တို့၌ ရိုဟင်ဂျာ ပေါင်း ၁၂၀,၀၀၀ ကျော်တို့ကို ဆက်လက် ထိန်းသိမ်းထားဆဲဖြစ်သည်။ အခြားသော ခန့်မှန်းချေ ရိုဟင်ဂျာလူမျိုး ၅၀၀,၀၀၀ တို့သည်လည်း ကြီးမားသော အန္တရာယ်ရှိနေပြီး နိုင်ငံသားဖြစ်မှု၊ လွတ်လပ်စွာ ရွှေ့လျား သွားလာခွင့်နှင့် အခြားသော လူ့အခွင့်အရေးများ ခံစားပိုင်ခွင့် မရှိပဲ ငြင်းဆို ခံနေကြရသည်။

မူပိုင်ခွင့် – Nic Dunlop/Panos၊ ၂၀၀၆ ခုနှစ်။

အခန်း ၂ ပထမအပိုင်းတွင် ရောမစာချုပ်၏ ပုဒ်မ ၁၂ (၃) မှတစ်ဆင့် ICC အား လက်ငင်း စေ့စပ်လုပ်ဆောင်သည့် နည်းလမ်းအား စဉ်းစားပြထားသည်။ ပုဒ်မ ၁၂ (၃) အောက် ကြေညာချက် ထုတ်ပြန် တင်သွင်းခြင်းအားဖြင့် NUG သည် မြန်မာနိုင်ငံအတွင်း ကျူးလွန်သည့် ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှု ရာဇဝတ်မှုများအား တရားစွဲဆိုရန် တရားစီရင်ပိုင်ခွင့်အား ICC သို့ လွှဲပြောင်းနိုင်မည် ဖြစ်သည်။ စစ်တပ်၏ အပြစ်ဒဏ်ခံရခြင်းမှ ကင်းလွတ်မှုဖြစ်စဉ်ကို ရပ်တန့်ရန် ရည်ရွယ်ချက်ဖြင့် NUG သည် အကြီးမားဆုံးဖြစ်သော တရားစီရင်ပိုင်ခွင့်အာဏာအား တရားရုံးထံ ပေးအပ်နိုင်၊ ပေးအပ်သင့်သည်။ သို့မှသာ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ နောက်ပြန် ရက်စွဲမှ စခဲ့သည့် အတိတ်က ရက်စက်ယုတ်မာသတ်ဖြတ်မှုများအားလုံးအပြင်အချိန်ကာလအပိုင်းအခြားအကန့်အသတ်မရှိသောအနာဂတ် ရာဇဝတ်မှုများအားလည်း လွှမ်းခြုံမှု ရှိစေနိုင်ပေမည်။

အခန်း ၂ ၏ ဒုတိယအပိုင်းတွင်မူ NUG သည် ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးထံ "အတည်ပြုမှုဆိုင်ရာစာချုပ်" (instrument of accession) အား ကနဦး သဘောတူညီမှု အာမခံချက် (deposit) ပေးထားခြင်းအားဖြင့် ရောမစာချုပ်၏အဖွဲ့ဝင်နိုင်ငံ မည်သို့ဖြစ်လာနိုင်ကြောင်း ရှင်းပြထားသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အား အတည်ပြုစာချုပ် ပေးထားခြင်းနှင့် ၎င်းမှ လက်ခံခြင်းသည် ရောမစာချုပ်၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာရန် တစ်ခုတည်းသော လိုအပ်ချက် ဖြစ်သည်။ အတည်ပြုစာချုပ်ကိုလက်ခံလိုက်ပါက မြန်မာနိုင်ငံသည် ရောမစာချုပ်၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာနိုင်ပြီး စာချုပ်အောက်တွင် ပါရှိသော အခွင့်အရေးများအားလုံးကို ကျင့်သုံးလာနိုင်မည် ဖြစ်သည်။

ရောမစာချုပ်အား လက်ခံသဘောတူသည့် နည်းလမ်းကို ရှာဖွေရာတွင် ဤအစီရင်ခံစာသည် အောင်မြင်စွာ အာမခံချက်ချထားပြီးသော အတည်ပြုမှုဆိုင်ရာ စာချုပ်အား စိန်ခေါ်ရန် နိုင်ငံတကာ စာချုပ်ဥပဒေများ၏ အခြေခံမှုများအရ လိုအပ်သော "မြင့်မားသည့် စံလိုအပ်မှု ပိုင်းဖြတ် သတ်မှတ်ချက် (high threshold)" အကြောင်းကို ဆွေးနွေးတင်ပြထားသည်။ လုပ်ထုံးလုပ်နည်း အရ ရောမစာချုပ် အဖွဲ့ဝင် နိုင်ငံများ ညီလာခံ - ICC အား စီမံခန့်ခွဲသည့်နှင့် ဥပဒေပြုသည့် ကိုယ်အင်္ဂါရပ် - သည် ရောမ စာချုပ်အား လက်ခံသဘောတူမှုအပေါ် မည်သည့်စိန်ခေါ်မှုမျိုးကိုမဆို လက်ခံစဉ်းစားမည့် အဖွဲ့ဖြစ်နိုင်သည်။ စိန်ခေါ်မှု ပေါ်ပေါက်လာပါက ညီလာခံသည် အငြင်းပွားမှုကို ၎င်းကိုယ်တိုင် -ဖြစ်နိုင်ချေ ရှိသည်မှာ ဆန္ဒမဲပေးခြင်းမှ တစ်ဆင့် -ဖြစ်စေ သို့မဟုတ် အငြင်းပွားမှုကို အခြားနည်းလမ်းများဖြင့် ဖြေရှင်းနိုင်ရန် အကြံပြုခြင်းအားဖြင့်ဖြစ်စေ ဖြေရှင်းမည် ဖြစ်သည်။

ဤအစီရင်ခံစာတွင် ရှင်းပြထားသည့်အတိုင်း ရောမစာချုပ်၏ အဖွဲ့ဝင်နိုင်ငံများသာလျှင် စာချုပ်အား လက်ခံသဘောတူကြောင်း ခိုင်မာစွာအာမခံထားသည့် ကြိုတင်အတည်ပြုစာချုပ်အား စိန်ခေါ်နိုင်သည်။ သိသာစွာပင် ရောမ စာချုပ်အား NUG ၏ လက်ခံသဘောတူနိုင်မှုအပေါ် စိန်ခေါ်ရန် ကြိုတင် ငြင်းပယ်နိုင်သည့် - တရုတ်၊ ရုရှားနှင့် အရှေ့တောင်အာရှနိုင်ငံအချို့စသည့် - နိုင်ငံများ မှာ ရောမ စာချုပ်အဖွဲ့ဝင် မဟုတ်သည့် နိုင်ငံများဖြစ်သည်။ ထို့ကြောင့် ရောမစာချုပ်အား NUG ၏ လက်ခံ သဘောတူမှုအပေါ် အောင်မြင်စွာ စိန်ခေါ်နိုင်ချေ အလားအလာ မရှိနိုင်ပါ။

မြန်မာ့တပ်မတော်၏ ဆယ်စုနှစ်များစွာကြာရှည်နေသည့် အပြစ်ဒဏ်ခံရခြင်းမှ ကင်းလွတ်မှု သံသရာစက်ဝန်းအား ဖြတ်တောက်ရပ်တန့်ရန်မှာ သမိုင်းကျောင်းဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု လိုအပ်ပြီး၊ အမျိုးမျိုးသော အရင်းအမြစ်များမှလည်း တွန်းအားပေးမှု ရောက်ရှိလာရန် လိုသည်။ NUG အပြင် အခြားသော အစိုးရများသည်လည်း ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍများမှ ပါဝင် သည်။ အနည်းဆုံးအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် NUG အား မြန်မာနိုင်ငံ၏ တရားဝင် အစိုးရအဖြစ် အသိအမှတ်ပြုသင့်ပြီး ကုလသမဂ္ဂတွင် ကိုယ်စားပြုရန် ၎င်း၏အရည်အချင်း ပြည့်မီမှု များကို ထောက်ခံဝန်းရံပေးသင့်သည်။



စစ်ပွဲကြောင့် အိုးအိမ်စွန့်ခွာခဲ့ရသော ကရင်နီတိုင်းရင်းသားဒုက္ခသည်များ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ၊ ထိုင်းနိုင်ငံ၊ ဘန်မိုင်းနိုင်းဆွေး ဒုက္ခသည်စခန်းရှိ ခရစ်ယာန်ဘုရားကျောင်းတစ်ခုတွင် တက်ရောက် ဝတ်ပြုနေပုံ။ မြန်မာစစ်တပ်သည် လွန်ခဲ့သော နှစ်များအတွင်း ပြည်သူ သန်းပေါင်း များစွာတို့ကို အိုးအိမ်မှ စွန့်ခွာစေခဲ့ပြီး ဒေသတွင်း ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်ခဲ့သည်။

မှုပိုင်ခွင့် – Nic Dunlop/Panos၊ ၂၀၀၇ ခုနှစ်။

# မြန်မာနိုင်ငံမြေပုံ


China
Buthan
India
Bangladesh
China
Kachin
Sagaing
Shan
Chin
Mandalay
Arakan
(Rakhine)
Magwe
Naypyidaw
Karenni
(Kayah)
Lao PDR
Bago
Ayeyearwady
Yangon
Karen
(Kayin)
Thailand
Mon
MYANMAR
Tanintharyi

# အကြံပြုချက်များ

## မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရသို့ -

- နိုင်ငံတကာ ရာဇဝတ်ရုံးအား ကျယ်ပြန့်သော တရားစီရင်ပိုင်ခွင့် အရေးတကြီး ပေးအပ်ရန် ရောမစာချုပ်အောက် ပုဒ်မ ၁၂ (၃) ကြေညာချက် ထုတ်ပြန်တင်သွင်းရန်။ ပုဒ်မ ၁၂ (၃) ကြေညာချက်သည် ၂၀၀၂ ခုနှစ်မှစ၍ဖြစ်ပေါ်ခဲ့သော ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှု ရာဇဝတ်မှုများ အပြင် အကန့်အသတ်မရှိသော အချိန်အပိုင်းအခြားအတွင်း ဆက်လက် ဖြစ်ပေါ်နေသည့် ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှု ရာဇဝတ်မှုများအထိ ဖြန့်ကျက်ပြီး တရား စီရင်ပိုင်ခွင့် ရှိကြောင်း သေချာစေမည်။

- ရောမစာချုပ်ဖြင့် စည်းနှောင်မှု ခံယူလိုသည့် သဘောတူညီချက်ရှိကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးနှင့် အတည်ပြုခြင်းဆိုင်ရာ ကြိုတင်စာချုပ်ဖြင့် အာမခံချက် ပေးထားရန်။

- လူမျိုးတုံး သတ်ဖြတ်မှုနှင့် အခြားရက်စက်ယုတ်မာစွာ သတ်ဖြတ်မှု ရာဇဝတ်မှုများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိစေရန် ကြိုးပမ်းအားထုတ်မှုများအပါအဝင် ရိုဟင်ဂျာ လူထုများနှင့်စပ်လျဉ်းသည့် မူဝါဒများအကောင်အထည်ဖော်ရာတွင်နှင့် ဖြန့်ကျက် ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် အမျိုးသား ညီညွတ်ရေးအစိုးရ၏ ရိုဟင်ဂျာ တိုင်းရင်းသား ကိုယ်စားလှယ် ခန့်အပ်ရန်။

- မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရားအား သက်သေအထောက်အထားများ မျှဝေခြင်းအပါအဝင် မြန်မာနိုင်ငံရှိ လူမျိုးတုံးသတ်ဖြတ်မှုများ၊ စစ်ရာဇဝတ် မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများ စသည်တို့အား ကျူးလွန်သူများကို တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန်အလို့ငှာ လက်ရှိနှင့် အနာဂါတ် နိုင်ငံတကာ ကြိုးပမ်း အားထုတ်မှုများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်။

- ကမ္ဘာ့ ကုလသမဂ္ဂ အထူး လုပ်ထုံးလုပ်နည်းများ၊ အထူးသဖြင့် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေများဆိုင်ရာ အထူးအစီရင်ခံပုဂ္ဂိုလ်နှင့် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ကြားချက် ထုတ်ပြန်ရန်။

- နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး သဘောတူပဋိညာဉ်စာချုပ်၊ ညှဉ်းပန်းနှိပ်စက်မှု နှင့် အခြား ရက်စက်ကြမ်းတမ်းသော၊ လူမဆန်သောနှင့် ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေသောဆက်ဆံမှု၊ အပြစ်ပေးမှုစသည်တို့အား ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းစာချုပ်နှင့် သက်ဆိုင်ရာ နောက်ဆက်တွဲ လုပ်ထုံးလုပ်နည်းများ၊ ရောမစာချုပ်အပြင် အခြားနိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်စာတမ်းများအား လက်ခံသဘောတူရန်။

## ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသို့ -

- အမျိုးသား ညီညွတ်ရေးအစိုးရအား မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုရန်။ ကမ္ဘာ့ကုလသမဂ္ဂတွင် နှင့် အခြား နိုင်ငံတကာ အဖွဲ့အစည်းများအတွင်းတွင် အမျိုးသား ညီညွတ်ရေးအစိုးရ၏ တည်ဆဲ လက်ရှိတရားဝင်မှုကို ထောက်ခံဝန်းရံရန်။

- နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများနှင့် စံချိန်စံနှုန်းများနှင့် အခြား အုပ်ချုပ်ရေးပိုင်းဆိုင်ရာများ စသည်တို့အပါအဝင် အမျိုးသား ညီညွတ်ရေးအစိုးရအတွက် လိုအပ်သော ဘဏ္ဍာရေး နှင့် နည်းပညာအထောက်အပံ့များ ပေးအပ်ရန်။

- မြန်မာနိုင်ငံအတွင်း ယခင်အတိတ်ကနှင့် ဆက်လက် ဖြစ်ပေါ်နေသော ရက်စက်ယုတ်မာမှုရာဇဝတ်မှုများအတွက် နိုင်ငံတကာ တရားမျှတမှု ရရှိကြောင်း သေချာစေရန် နှင့်၊ လူမျိုးတုံး သတ်ဖြတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့်စစ်ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန်တို့အတွက် မြန်မာနိုင်ငံအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံးသို့ ညွှန်းပို့ရန် သို့မဟုတ် နောက်တစ်နည်းအားဖြင့် သီးသန့် (Ad-hoc) အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ဖွဲ့စည်းတည်ထောင်ရန်။


- မြန်မာနိုင်ငံ စစ်တပ်အပေါ် တစ်ကမ္ဘာလုံးဆိုင်ရာ လက်နက်ပိတ်ပင်ခြင်းနှင့်၊ သဘာဝဓါတ်ငွေ့ အခွန်ဘဏ္ဍာများနှင့် ဘဏ္ဍာရေးရာဝန်ဆောင်မှုများအား အာဏာသိမ်းစစ်တပ်၏ ရယူ လက်လှမ်းမီမှုကို ပိတ်ဆို့ရန် အထူးအလေးထားဆောင်ရွက်မှုဖြင့် စစ်တပ်ပိုင် စီးပွားရေး လုပ်ငန်းများအား ပစ်မှတ်ထားပိတ်ဆို့ခြင်းစသည်တို့အား စည်းကြပ်ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ဆုံးဖြတ်ဆောင်ရွက်ချက် (resolution) အား ထောက်ခံ ဝန်းရံရန်။

- သဘာဝဓါတ်ငွေ့ အခွန်ဘဏ္ဍာများနှင့် ဘဏ္ဍာရေးရာ ဝန်ဆောင်မှုများအား အာဏာသိမ်း စစ်တပ်၏ ရယူလက်လှမ်းမှီမှုကို ပိတ်ဆို့ရန် အထူးအလေးထားမှုဖြင့် နှစ်နိုင်ငံကြားဆိုင်ရာ လက်နက်ပိတ်ပင်မှုနှင့် ပစ်မှတ်ထားပိတ်ဆို့မှုများ စည်းကြပ်လုပ်ဆောင်ရန်။
- မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေများဆိုင်ရာ ကုလသမဂ္ဂ အထူးအစီရင်ခံ ပုဂ္ဂိုလ်၏ လုပ်ပိုင်ခွင့် တာဝန်နှင့် အကြံပြုချက်များအား ထောက်ခံဝန်းရံရန်။
- တရားဝင် ဆုံးဖြတ်သတ်မှတ်ခြင်းများမှတစ်ဆင့် မြန်မာနိုင်ငံရှိ စစ်ရာဇဝတ်မှုများနှင့် လူသား မျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအပါအဝင်  ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှုနှင့် အခြား ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှု ရာဇဝတ်မှုများအား လူသိရှင်ကြား ဂန်ခံပြောကြားရန်။

**မြန်မာ့ စစ်တပ်နှင့် ရဲတပ်ဖွဲ့များသည် ဆယ်စုနှစ်များ
စွာ တိုင်အောင် စစ်ရာဇဝတ်မှု၊ လူသား မျိုးနွယ်အပေါ်
ကျူးလွန်သော ရာဇဝတ်မှုနှင့် လူမျိုးတုံး သတ်ဖြတ်မှု
မြောက်အောင်ပင် လူ့အခွင့် အရေး ချိုးဖောက်မှုများစွာ
တို့ကို ကျူးလွန်ခဲ့ပြီးဖြစ်သည်။ ယင်းရာဇဝတ်မှုများ
အား ကျူးလွန်သူများ သည် ထိုကျူးလွန်မှုများ
အတွက် အပြစ်ဒဏ်ခံရခြင်း လုံးဝ မရှိသေးပါ။**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာ့
တပ်မတော်သည် အာဏာသိမ်းခဲ့ပြီး နိုင်ငံရေး အခွင့်
အာဏာကို သိမ်းယူကာ ဆန့်ကျင်ခုခံသူများအား အစု
လိုက်အပြုံလိုက် သတ်ဖြတ်ခဲ့၊ အကျဉ်း ချခဲ့သည်။ အာဏာ
သိမ်းပြီးနောက်တွင် စစ်အုပ်ချုပ်မှုကို ဆန့်ကျင်ရန်နှင့်
ပြည်သူ့ ဆန္ဒကို ထင်ဟပ်ဖော်ဆောင်ရန် ရွေးကောက်ခံ
ဥပဒေပြုသူများနှင့် နိုင်ငံအတွင်းရှိအခြားသူများတို့မှ
အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ဖွဲ့စည်းခဲ့သည်။

ဤအစီရင်ခံစာအရ NUG သည် ၂၀၀၂ ခုနှစ်ကတည်းမှ
စ၍ အစုလိုက်အပြုံလိုက် ရက်စက်ယုတ်မာစွာ သတ်ဖြတ်
မှု ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးရန်နှင့်၊ တရားစွဲဆိုနိုင်
ရန် တရားစီရင်ပိုင်ခွင့်အား သဟေဂ်မြို့ရှိ နိုင်ငံတကာ
ရာဇဝတ်မှု တရားရုံးထံ လွှဲပြောင်းအပ်နှင်း
နိုင်ကြောင်း တွေ့ရသည်။ ယင်းသို့ လုပ်ရှားမှု
အရွေ့သည် အနာဂတ်တွင် ဖြစ်လာနိုင်သော
ရက်စက် ယုတ်မာစွာ သတ်ဖြတ်မှုများအား
ကာကွယ်တားဆီးရန် အလားအလာ ရှိပြီး၊
မြန်မာနိုင်ငံအား တရား မျှတမှုနှင့် တာဝန်ယူ
မှု၊ တာဝန်ခံမှု လမ်းကြောင်းပေါ်သို့ သိသာ
ထင်ရှားစွာ ပြောင်းလဲရောက်ရှိ
စေနိုင်မည်ဖြစ်သည်။



FORTIFY
RIGHTS